ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်

# မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့နေရသည့် ရေကြီးရေလျှံပြဿနာများ

**အကျဉ်းချုပ်**

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုဖောက်ပြန်နေမှုကြောင့် သဘာဝဘေးအန္တရာယ်များကို လူသားတို့ တစ်နှစ်ထက်တစ်နှစ် ပိုမိုကြုံတွေ့ရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူ ရာသီဥတုဖောက်ပြန်မှုကြောင့် ဘေးဒုက္ခအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်နေရပါသည်။ မိုးရာသီကာလတွင် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မိုးရေချိန်များပြားပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ၂၀၁၅ ခုနှစ်သည် မိုးရွာသွန်းမှုအများဆုံးဖြင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါသည်။ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များတွင်လည်း ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားခဲ့၍ ပျက်စီးဆုံးရှုံးမှုများကို ကြုံတွေ့နေရလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ယခင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့် တုံ့ပြန်ဆောင်ရွက်ခဲ့မှုများအပေါ်သုံးသပ်၍ ၂၀၂၀ ပြည့်နှစ်၏ ယခုမိုးရာသီကာလအတွက် တုံ့ပြန်ဆောင်ရွက်မှုများနှင့် ကြိုတင်ပြင်ဆင်ထားမှုများ လိုအပ်လျက်ရှိပါသည်။

ဤစာတမ်းတိုတွင် မိုးရာသီကာလအတွင်း ဖြစ်ပွားလေ့ရှိသည့် ရေကြီးရေလျှံပြဿနာများနှင့် ပျက်စီးဆုံးရှုံးမှုများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ဖော်ပြထားပါသည်။ ထို့အပြင် ၎င်းပြဿနာအပေါ် အစိုးရ၏ပြင်ဆင်ဆောင်ရွက်ချက်များနှင့် ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်မှုအခြေအနေ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ချက်များ၊ လွှတ်တော်တွင်း ဆွေးနွေးချက်များ၊ အိန္ဒိယနိုင်ငံ၏ သဘာဝဘေးအန္တရာယ်အပေါ် တုံ့ပြန်ဆောင်ရွက်ချက်များကို စုစည်းပြုစု၍ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

သုတေသနစာတမ်းတိုအမှတ်စဉ်( ၁၃၄ )

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်ဖော်ပြမှုနည်းနာနိသသယများ | ၄ |
| ၄။ | ရေကြီး၊ ရေလျှံဖြစ်ပွားရခြင်း အကြောင်းအရင်းများ | ၄ |
| ၅။ | မြန်မာနိုင်ငံ ရေကြီးရေလျှံဖြစ်ပွားလေ့ရှိသည့် ပထဝီအနေအထား | ၅ |
| ၆။ | ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှု | ၅ |
| ၇။ | ဘဏ္ဍာနှစ်အလိုက် ရေကြီးရေလျှံဖြစ်ပွားမှုများ | ၆ |
| ၈။ | ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရေကြီးရေလျှံမှုကြောင့် ပိတ်ခဲ့ရသည့်ကျောင်းများ | ၇ |
| ၉။ | ၂၀၁၉ ခုနှစ်၏ ရေကြီးရေလျှံမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ | ၇ |
| ၁၀။ | ၂၀၂၀ ပြည့်နှစ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု | ၉ |
| ၁၁။ | ရေကြီးရေလျှံဖြစ်ပွားပြီးနောက် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ | ၁၀ |
| ၁၂။ | ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲသက်ရောက်မှုများ | ၁၀ |
| ၁၃။ | အစိုးရ၏ ဆောင်ရွက်ချက်များ | ၁၁ |
| ၁၄။ | အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ | ၁၃ |
| ၁၅။ | အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ချက်များ | ၁၄ |
| ၁၆။ | လွှတ်တော်တွင်းဆွေးနွေးချက်များ | ၁၄ |
| ၁၇။ | ပညာရှင်များ၏ အမြင်များ | ၁၆ |
| ၁၈။ | အိန္ဒိယနိုင်ငံ၏ ရေကြီးရေလျှံမှုအခြေအနေ | ၁၇ |
| ၁၉။ | အိန္ဒိယနိုင်ငံအတွေ့အကြုံမှ ရယူအပ်သည့် သင်ခန်းစာများ | ၁၈ |
| ၂၀။ | နိဂုံး | ၁၈ |

## နိဒါန်း

၁။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုကြောင့် သဘာဝဘေးဒဏ်ကို ဆိုးရွားစွာရင်ဆိုင်ခံစားနေရသည့် နိုင်ငံများစွာအနက် မြန်မာနိုင်ငံသည် ဒုတိယအဆင့်တွင်ရှိနေပါသည်။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် အချိန်အခါမဟုတ်မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ လူနှင့်တိရစ္ဆာန်များပြောင်းရွှေ့ရခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းစသည်များ ကြုံတွေ့ခံစားနေရပါသည်။[1] သို့ဖြစ်ရာ ရေကြီးရေလျှံပြဿနာသည် မြန်မာနိုင်ငံရှိပြည်သူများ ရှောင်လွှဲ၍မရနိုင်ဘဲ နှစ်စဉ်နှစ်တိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်နေပါသည်။

## ရည်ရွယ်ချက်

၂။ (က) နိုင်ငံတစ်ဝန်း၌ နှစ်စဉ်ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံဖြစ်ပွားမှု အခြေအနေများကို သိရှိနိုင်စေရန်၊

(ခ) ရေကြီးရေလျှံဖြစ်ပွားရခြင်း အကြောင်းအရင်းများနှင့် ပျက်စီးဆုံးရှုံးမှုများကို သိရှိနိုင်စေရန်၊

(ဂ) ရေကြီးရေလျှံမှုနှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို သိရှိနိုင်စေရန်၊

(ဃ) ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ အစိုးရ၏ဆောင်ရွက်ချက်များ၊ လွှတ်တော်တွင်းဆွေးနွေးချက်များ၊ အဖွဲ့အစည်း၏ဆောင်ရွက်မှုများနှင့် အခက်အခဲများကို သိရှိနိုင်စေရန်၊

(င) အိန္ဒိယနိုင်ငံ၏ ရေကြီးရေလျှံမှုနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို သိရှိနိုင်စေရန်။

---

[1] ကမ္ဘာကြီးပူနွေးလာမှုနှင့် ဆောင်ရန်၊ရှောင်ရန်၊ သန်းလွင်ငြိမ်း (ပိန်းဇလုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ https://tinyurl.com/ybso74k2 မှကောက်နုတ်ထားပါသည်။ {ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်}

## အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ

**၃။** ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို အစိုးရ Website များ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ လွှတ်တော်အစည်းအဝေးမှတ်တမ်းများ၊ Internet Website များနှင့် MYANMAR STATISTICAL YEARBOOK မှ သတင်းအချက်အလက်များ ရယူထားပါသည်။

## ရေကြီး၊ ရေလျှံဖြစ်ပွားရခြင်း အကြောင်းအရင်းများ

၄။ ရေကြီးရေလျှံခြင်းသည် ရာသီဥတုဖောက်ပြန်ခြင်းကြောင့်လည်းကောင်း၊ လူသားတို့ကြောင့်လည်းကောင်း ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ကမ်းရိုးတန်းဒေသများတွင် ဒီရေတက်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းကြောင့် မုန်တိုင်းဒီရေတက်ခြင်း၊ ဆူနာမီကြောင့် ရေလှိုင်းများကြီးမားလာခြင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေမြင့်တက်လာခြင်းစသည်တို့ကြောင့် ရေဘေးအန္တရာယ်ကို ဖြစ်ပေါ်စေပါသည်။

၅။ လူသားတို့ကြောင့် ရေကြီး၊ရေလျှံဖြစ်ပွားရသည့် အကြောင်းရင်းများမှာ စိုက်ပျိုးရေးကို စနစ်တကျမဆောင်ရွက်ခြင်း၊ မြို့ပြအခြေခံတည်ဆောက်မှုများ ဆီလျော်မှုမရှိခြင်း၊ ရေမြောင်းစနစ်ညံ့ဖျင်းခြင်း၊ မြစ်ချောင်းများ တိမ်ကောပိတ်ဆို့ခြင်း၊ ဆည်မြောင်း၊ တာတမံနှင့် မြစ်ကူးတံတားများ တည်ဆောက်ရာတွင် နည်းပညာပိုင်းအားနည်းခြင်း၊ ရေလမ်းကြောင်းပြောင်းခြင်း၊ သစ်တောပြုန်းတီးခြင်း၊ သယံဇာတတွင်းထွက်များကို စည်းကမ်းမဲ့ထုတ်ယူခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း စသည်တို့ကြောင့်လည်း ရေကြီးရေလျှံမှုကို ဖြစ်စေပါသည်။ ထို့ပြင် ရေစီးကြောင်းများတွင် မြောင်းကိုပိတ်၍ ကျူးကျော်တဲအိမ်များ ဆောက်ထားခြင်း၊ ချောင်း၊ မြောင်းများ ဖြတ်သောနေရာတွင် ရေပွင့်များတပ်ဆင်မှုမရှိခြင်း၊ ရေပွင့်အရွယ်အစား သေးငယ်ခြင်း၊ တရားမဝင် ငါးဖမ်းပိုက်ချခြင်းတို့သည် ရေစီးရေလာမှုကို အဟန့်အတားဖြစ်စေပြီး လူသားတို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေခြင်း ဖြစ်ပါသည်။[2]

---

[2] မိုးကြီးရေကြီး သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံပြဿနာ၊ တက္ကသိုလ် ဖော်ထူးဦး၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ဖ မှကောက်နုတ်ထားပါသည်။ {ကြည့်ရှု့ရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်}

## မြန်မာနိုင်ငံ ရေကြီးရေလျှံဖြစ်ပွားလေ့ရှိသည့် ပထဝီအနေအထား

၆။ မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် မိုးရွာသွန်းသည့် ပုံသဏ္ဍာန်မမှန်ဘဲ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုဖြစ်ပွားခြင်းများ နှစ်စဉ်ရင်ဆိုင်ရလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းဒေသများဖြစ်သည့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံဖြစ်ပေါ်ရသည့် အဓိကအကြောင်းရင်းမှာ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လေ့ရှိသော လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်း ကြီး/ငယ်များအဖြစ် ပြောင်းလဲဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ပါသည်။

၇။ မြန်မာနိုင်ငံအရှေ့ဘက်ခြမ်းဒေသများဖြစ်သော ပဲခူးအရှေ့ခြမ်း၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံဖြစ်ပွားရခြင်းမှာ တောင်တရုတ်ပင်လယ်နှင့် ဖိလစ်ပိုင်ပင်လယ်အတွင်း နှစ်စဉ် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ပြီး မုန်တိုင်း ကြီး/ငယ်များ ဖြစ်ပေါ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဖြစ်ပါသည်။[3]


## ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှု

၈။ ၂၀၁၅ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများသည် ပုံမှန်မဟုတ်သည့် အခြေအနေများနှင့် ကြုံတွေ့ခဲ့ရပါသည်။ ယင်းနှစ်တွင် နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ကိုမန်ဆိုင်ကလုန်းမုန်တိုင်း ကျရောက်ခဲ့သည့်အတွက် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ ဆိုးရွားစွာဖြစ်ပွားခဲ့ပါသည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရေဘေးအဆိုးရွားဆုံးရင်ဆိုင်ခဲ့ရပြီး ယင်းဒေသများကို သဘာဝဘေးကျရောက်ရာဒေသအဖြစ် နိုင်ငံတော်အစိုးရက ကြေညာခဲ့ရပါသည်။[4]

[3] မြန်မာနိုင်ငံ၏ ရေကြီးရေလျှံမှုများ ကြိုတင်ကာကွယ်ရန် မဟာဗျူဟာမြောက် စီမံဖို့လိုပြီ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ မြန်မာတောင်သူကြီးများဂျာနယ် https://www.thefarmermedia.com/news/11386 မှကောက်နုတ်ထားပါသည်။

[4] ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ် လက်ရှိအချိန်အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံမှုကြောင့် လူ ၂၅ သိန်းကျော် ရေဘေးသင့်ခဲ့၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ https://news-eleven.com/news/63928 မှကောက်နုတ်ထားပါသည်။

၉။ ၂၀၁၅ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်း ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် စိုက်ပျိုးမြေကေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ အောက်ပါအတိုင်းထုတ်ပြန်ခဲ့ပါသည်–




Source: ပြန်ကြားရေးဝန်ကြီးဌာန၊ https://www.moi.gov.mm/npe/?q=news/25/07/2015/id–26615

၁၀။ အထက်ဖော်ပြပါပုံအရ ၂၀၁၅ ခုနှစ်၏ ရေကြီးရေလျှံမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးမြေကေ အများဆုံးပျက်စီးဆုံးရှုံးခဲ့သည်ကို တွေ့ရှိရပါသည်။[5]

## ဘဏ္ဍာနှစ်အလိုက် ရေကြီးရေလျှံဖြစ်ပွားမှုများ

၁၁။ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၈ (ဧပြီလမှ စက်တင်ဘာထိ) ရေဘေးဖြစ်ပွားမှု အခြေအနေများနှင့် ပျက်စီးဆုံးရှုံးမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | ဘဏ္ဍာနှစ် | ဖြစ်ပွားမှု | ရေဘေးသင့် ဦးရေ | သေဆုံး ဦးရေ | ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး (ကျပ်သန်း) | ဖြစ်ပွားမှုအများဆုံး ပြည်နယ်/ တိုင်းဒေသကြီး |
|---|---|---|---|---|---|---|
| (က) | ၂၀၁၅–၂၀၁၆ | ၁၀၄ | ၈၂၆,၂၇၈ | – | ၉၇၂၀.၉၆ | ဧရာဝတီ |
| (ခ ) | ၂၀၁၆–၂၀၁၇ | ၂၄၃ | ၆၁၄,၄၄၇ | ၇၇ | ၇.၆ | မကွေး |
| (ဂ ) | ၂၀၁၇–၂၀၁၈ | ၂၂၃ | ၂၆၈,၇၈၃ | ၂၁ | – | စစ်ကိုင်း |
| (ဃ) | ၂၀၁၈ (ဧပြီမှ စက်တင်ဘာထိ) | ၂၆၇ | ၄၂၂,၀၉၅ | ၉၀ | ၂၇.၈၉ | မကွေး[6] |

[5] စနစ်ကျနသော ကြိုတင်ပြင်ဆင်မှုများ၊ ပြန်လည်ထူထောင်မှုများဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားကြမည်၊ ဟန်နီဝင်း–အောင်သူရ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ https://www.moi.gov.mm/npe/?q=news/25/07/2015/id–26615 မှကောက်နုတ်ထားပါသည်။ {ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်}

[6] 2019 Myanmar Statistical Year Book မှကောက်နုတ်ထားခြင်းဖြစ်ပါသည်။

## ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရေကြီးရေလျှံမှုကြောင့် ပိတ်ခဲ့ရသည့်ကျောင်းများ

၁၂။ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရေကြီးရေလျှံမှုကြောင့် ပိတ်ခဲ့ရသည့် ကျောင်းများစာရင်းကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

| စဉ် | ခုနှစ် | ပြည်နယ်/ တိုင်းဒေသကြီး | ပိတ်ခဲ့ရသည့် ကျောင်းပေါင်း |
|---|---|---|---|
| (က) | ၂၀၁၆ | ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း | ၂၄၀၀ ခန့်[7] |
| (ခ) | ၂၀၁၇ | ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း | ၈၂၅ ခန့်[8] |
| (ဂ) | ၂၀၁၈ | ကရင်ပြည်နယ်၊ မွန်ပြည်နယ်[9] | ၄၉၅ ခန့်[10] |
| (ဃ) | ၂၀၁၉ | ကရင်ပြည်နယ် | ၄၀၀ ခန့်[11] |

## ၂၀၁၉ ခုနှစ်၏ ရေကြီးရေလျှံမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ

၁၃။ ၂၀၁၉ ခုနှစ်တွင် အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြစ်ရေတက်မှု ဖြစ်ပေါ်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ်မှစ၍ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် စတင်ဖြစ်ပွားခဲ့ပြီး ထိုမှတစ်ဆင့် အလယ်ပိုင်းဒေသများ နှင့် အောက်ပိုင်းဒေသများတွင်ပါ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

| စဉ် | ဘေးဖြစ်ရာဒေသ | အိမ်ထောင်စု | | | ရေဘေးရှောင်နေရာ | သေဆုံး | ဒဏ်ရာရ |
|---|---|---|---|---|---|---|---|
| | | လုံးဝပျက်စီး | တစ်စိတ်တစ်ပိုင်းပျက်စီး | ပေါင်း | | | |
| (က) | ကချင်ပြည်နယ် | ၆၇ | - | ၆၇ | ၈၀ | ၁ | - |
| (ခ) | မကွေးတိုင်းဒေသကြီး | ၁၁ | ၁၁ | ၂၂ | ၁၉ | ၄ | ၁ |

[7] နိုင်ငံတစ်ဝန်း ရေကြီးရေလျှံနေ၍ အခြေခံပညာကျောင်းပေါင်း ၂၄၀၀ ကျော်ကို ယာယီပိတ်ထား၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်၊ 7day news၊ https://tinyurl.com/y9u2hbrw မှကောက်နုတ်ထားခြင်းဖြစ်ပါသည်။

[8] ရေကြီးရေလျှံမှုကြောင့် အခြေခံညာကျောင်း ၇၉၉ ကျော် တစ်ကျော့ပြန် ယာယီပိတ်ထားရ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်၊ 7 day news ၊ https://tinyurl.com/y9ncy7ft မှကောက်နုတ်ထားပါသည်။

[9] မွန်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပိတ်ထားခဲ့ရသည်ကျောင်းပေါင်း ၁၄၅ ကျောင်း ဩဂုတ် ၁ ရက်တွင် ပြန်ဖွင့်မည်၊ https://news.ydnp.net/184225/ မှကောက်နုတ်ထားပါသည်။

[10] ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်း ၃၅၀ ကျောင်းပိတ်ထားရ၊ http://xinhuamyanmar.com/myanmar/environment-disasters-accidents/17913-2018-07-31-04-23-15 မှကောက်နုတ်ထားပါသည်။

[11] ကရင်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ကျောင်းပေါင်း ၄၀၀ ကျော်ပိတ်ထား၊ https://yangonmedia.com/life/7620/ မှကောက်နုတ်ထားပါသည်။

| စဉ် | ဘေးဖြစ်ရာဒေသ | အိမ်ထောင်စု | | | ရေဘေးရှောင်နေရာ | သေဆုံး | ဒဏ်ရာရ |
|---|---|---|---|---|---|---|---|
| | | လုံးဝပျက်စီး | တစ်စိတ်တစ်ပိုင်းပျက်စီး | ပေါင်း | | | |
| (ဂ ) | ပဲခူးတိုင်းဒေသကြီး | ၃၃ | - | ၃၃ | ၁၀ | ၁ | - |
| (ဃ) | မွန်ပြည်နယ် | ၆၄ | - | ၆၄ | ၁၃၇ | ၇၈ | ၆၄ |
| (င) | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆ | - | ၁၆ | ၂၂ | - | - |
| (စ) | ချင်းပြည်နယ် | ၂ | - | ၂ | - | - | - |
| (ဆ) | ရခိုင်ပြည်နယ် | ၂၁ | ၁၃ | ၃၄ | ၅၉ | - | - |
| (ဇ) | မန္တလေးတိုင်းဒေသကြီး | ၁ | - | ၁ | ၂၀ | ၁ | - |
| (ဈ) | ကရင်ပြည်နယ် | ၁ | - | ၁ | ၄၃ | - | - |
| (ည) | ဧရာဝတီတိုင်းဒေသကြီး | - | - | - | ၅ | - | - |
| (ဋ) | တနင်္သာရီတိုင်းဒေသကြီး | ၄၂ | ၂၈ | ၇၀ | ၁၅ | ၆ | - |
| (ဌ) | ရန်ကုန်တိုင်းဒေသကြီး | - | - | - | ၁ | - | - |
| (ဍ) | နေပြည်တော် | ၇ | - | ၇ | - | - | - |
| | စုစုပေါင်း | ၂၆၅ | ၅၂ | ၃၁၇ | ၄၁၁ | ၉၁ | ၆၅[12] |

၁၄။ ၂၀၁၉ ခုနှစ်၊ ရေကြီးရေလျှံဖြစ်ပွားမှုသည် မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် စတင်ဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် ဆက်လက်ဖြစ်ပေါ်လာနိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အရေးပေါ်တုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက စနစ်တကျချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

[12]လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ http://www.rrdmyanmar.gov.mm/ မှကောက်နုတ်ထားပါသည်။ {ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်}

## ၂၀၂၀ ပြည့်နှစ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု

၁၅။ တိုင်းဒေသကြီး/ပြည်နယ်အချို့သည် နှစ်စဉ်မိုးရာသီကာလဖြစ်သော ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ရေဘေးအန္တရာယ်ကို ရင်ဆိုင်ရလေ့ရှိပါသည်။ မကြာမီရောက်ရှိလာမည့် ၂၀၂၀ ပြည့်နှစ်၏ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းအခြေအနေများကို ကြိုတင်ပြင်ဆင်ရသကဲ့သို့ သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်သည်များကို မျှော်မှန်း၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါသည်။[13]

၁၆။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၂ ရက်နေ့တွင် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ( ၁/၂၀၂၀ ) အစည်းအဝေးကိုခေါ်ယူခဲ့ပါသည်။ အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နှစ်စဉ်ကြုံတွေ့နေရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ကြိုတင်ညှိနှိုင်းရန်၊ အစိုးရအဖွဲ့များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ် ရင်ဆိုင်တုံ့ပြန်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် Covid-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ စီမံဆောင်ရွက်ရန်များကို ပြောကြားခဲ့ပါသည်။ ထို့နောက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ၊ လုံခြုံရေးနှင့်ကယ်ဆယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာတွင် Covid-19 ကာလ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နေမှုများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများနှင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။[14]

၁၇။ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်မှုနှင့် ကယ်ဆယ်မှုလုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရေးပေါ်ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ယခင်

---

[13] သဘာဝဘေးအန္တရာယ်များကို ထိခိုက်မှုလျော့ပါးသက်သာအောင် ကြိုတင်ကာကွယ်ခြင်း၊ အသင့်ပြင်ဆင်ထားခြင်းများဖြင့် ဆောင်ရွက်နိုင်၊ https://www.moi.gov.mm/npe:zg/?q=news/10/08/2014/id-12118 မှကောက်နုတ်ထားပါသည်။{ကြည့်ရှု့ရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်}

[14] အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၁/၂၀၂၀) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၃ ရက်ထုတ်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၄ မှကောက်နုတ်ထားပါသည်။

နှစ်ထက် ငွေကျပ် ၅၀ ဘီလီယံတိုးမြှင့်ပြီး ဗဟိုအတွက် ငွေကျပ်  ၁၀၀ ဘီလီယံ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များအတွက် ငွေကျပ် ၅၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၅၀ ဘီလီယံခန့် ခွဲဝေလျာထားလျက်ရှိပါသည်။[15]

**ရေကြီးရေလျှံဖြစ်ပွားပြီးနောက် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ**

၁၈။ ရေကြီးရေလျှံဖြစ်ပွားပြီးနောက် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စိတ်ကျန်းမာရေး ထိခိုက်မှုအခြေအနေများ၊

(ခ) ရေမှတစ်ဆင့် သယ်ဆောင်လာသော ရောဂါများ၊ ( ဥပမာ-အူရောင်ငန်းဖျားရောဂါ၊ ကာလဝမ်းရောဂါ၊ အသည်းရောင်အသားဝါရောဂါ)

(ဂ) ခြင်မှသယ်ဆောင်လာသော ရောဂါများ၊ (ဥပမာ- ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ)

(ဃ) သောက်သုံးရေနှင့် စားသောက်ကုန်ပစ္စည်းများပြတ်လပ်ခြင်း၊

(င) ခြင်၊ ယင်၊ ကင်းနှင့် မြွေကဲ့သို့ အဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်များ။[16]

**ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲသက်ရောက်မှုများ**

၁၉။ ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲသက်ရောက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝပတ်ဝန်းကျင်ဖြစ်သော မြစ်ချောင်း၊ အင်းအိုင်၊ မြစ်ကမ်းပါး၊ မြေဆီလွှာ၊ သစ်ပင်စသည်တို့၏ အနေအထားပျက်ယွင်းသွားခြင်း၊

(ခ) ရေဘေးသင့်ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရခြင်း၊ လူနှင့် တိရစ္ဆာန်တို့၏ အသက်များစွာ ဆုံးရှုံးခြင်း၊

(ဂ) လူတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊

(ဃ) သီးနှံစိုက်ခင်းများ ပျက်စီးရခြင်း၊

(င) အိုးအိမ်၊ တိုက်တာ၊ အဆောက်အအုံများပျက်စီးခြင်း၊

[15] နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လမ်းညွှန်းအမှာ စကားပြောကြား၊ ၂၃-၆-၂၀၂၀ ရက်နေ့ထုတ်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၅ မှကောက်နုတ်ထားပါသည်။

[16] Thevoicemyanmar.com/opinion/22569-dus မှကောက်နုတ်ထားပါသည်။{ Accessed date: 12/8/2019}

(စ) လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်း၊

(ဆ) လူမှုစီးပွားရေးစနစ်နှင့် ဈေးကွက်လုပ်ငန်းများ နှောင့်နှေးခြင်း၊

(ဇ) ပုံမှန်အခြေအနေရောက်ရှိစေရန် ပြန်လည်ထူထောင်ရေးကို အချိန်ယူ လုပ်ဆောင်ရခြင်း။[17]

၂၀။ ရေကြီးရေလျှံပြဿနာကြောင့် တစ်နိုင်ငံလုံး၏ စီးပွားရေး၊ လူမှုရေးအကျိုးစီးပွား ပျက်စီးဆုံးရှုံးနစ်နစ်မှုများဖြင့် ကြုံတွေ့ရမည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအပေါ် အဓိကစိန်ခေါ်မှုများ ဖြစ်နေပါသည်။[18]

**အစိုးရ၏ ဆောင်ရွက်ချက်များ**

၂၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မိုးရာသီမတိုင်မီကတည်းက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေရေးလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ဖိုက်ဘာစက်လှေများ၊ အသက်ကယ်အင်္ကျီများ၊ ရေစုပ်စက်များ ကြိုတင်ထောက်ပံ့ထားရှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။[19] ထို့ပြင်ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကျန်းမာရေး၊ စားသောက်ရေး၊ ပြန်လည်နေရာချထားရေးကိစ္စများကို ကြိုတင်ဆောင်ရွက်ခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် မိုးလေဝသ သတင်းများကိုအခါမလပ် ကြိုတင်အသိပေးကြေညာခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။[20] ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများမှလည်း ရေဘေးတုံ့ပြန်ကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအတွက် အစားအစာနှင့် အခြားကယ်ဆယ်ရေး အထောက်အပံ့များပံ့ပိုးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။[21]

---

[17] မိုးကြီးရေကြီး သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံပြဿနာ၊ တက္ကသိုလ်ဖော်ထူးဦး၊ https://www.moi.gov.mm/npe/?q=article/31/07/2018/id-77685 မှကောက်နုတ်ထားပါသည်။{ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်}

[18] မြန်မာနိုင်ငံ၏ ရေကြီးရေလျှံမှုများ ကြိုတင်ကာကွယ်ရန် မဟာဗျူဟာမြောက် စီမံဖို့လိုပြီ၊ https://www.thefarmermedia.com/news/11386 မှကောက်နုတ်ထားပါသည်။ {ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်}

[19] လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀၁၉ ခုနှစ်၊ နိုင်ငံတစ်ဝန်းရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည့်အခြေအနေများနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိ၊ http://www.rrdmyanmar.gov.mm/?p=49395 မှကောက်နုတ်ထားပါသည်။{ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်}

[20] ရေကြီးရေလျှံချိန်၌ သတိပြုရမည့် လျှပ်စစ်အန္တရာယ်များ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၆ မှကောက်နုတ်ထားပါသည်။

[21] မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂဌာန ညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ်ခေတ္တတာဝန်ယူ ဆောင်ရွက်လျက်ရှိသော မစ္စဂျဲနက်ဂျက်ဆင်၏ ထုတ်ပြန်ချက် မှကောက်နုတ်ထားပါသည်။

၂၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လိုက်နာဆောင်ရွက်ရန် နိုးဆော်ထားသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိမိတို့ဒေသ၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ၊ မြစ်ကမ်းပါးပြိုမှုများ၊ တောင်ကျချောင်းများတွင် ရေစီးအားပြင်းထန်မှုများ ဖြစ်ပေါ်တတ်သည့် အခြေအနေကို လေ့လာသိရှိထားရန်၊

(ခ) မိုးသည်းထန်စွာရွာသွန်းချိန်၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်အချိန်များတွင် အန္တရာယ်ရှိသည့် မြစ်ချောင်းများအနီး၊ တောင်ပြို၊ မြေပြိုမှုများဖြစ်ပွားနိုင်သည့် နေရာများ၊ တောင်ကျချောင်းများအနီး သွားလာနေထိုင်ခြင်းများမှ ရှောင်ရှားကြရန်၊

(ဂ) ရေကြီးမှုများဖြစ်ပေါ်နေချိန် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများကို တစ်ဦးတည်းထားခဲ့ခြင်း၊ သွားလာစေခြင်းများမှရှောင်ရှားရန်၊

(ဃ) ရေကြီးရေလျှံမှုများထဲတွင် သွားလာရန်လိုအပ်လာပါကလည်း အသက်ကယ်အင်္ကျီ၊ ကားတာယာကျွတ်ကဲ့သို့ အသက်ကယ်ဘောကွင်းများ အသုံးပြုသွားလာရန်၊

(င) ရေထဲဖြတ်သန်းသွားလာရပါက တုတ်ဖြင့် စမ်းထောက်သွားလာရန်၊

(စ) လျှပ်စစ်မီးအန္တရာယ်၊ မြွေ၊ ကင်းစသည့် အဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်ကို သတိပြုရန်၊

(ဆ) ပြည်သူလူထုအနေဖြင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ၊ သတိပေးချက်များကို အလေးထားဂရုပြုလိုက်နာရန်၊

(ဇ) အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနရုံးများသို့ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ သို့ ဖြစ်စေအကူအညီ တောင်းခံရန်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

၂၃။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စောင့်ရှောက်ရေး အစီအမံများ စနစ်တကျပြုလုပ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ"ကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ (၃၁-၅-၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆) ဖြင့် ဖွဲ့စည်း၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ယင်းကော်မတီအောက်တွင် လုပ်ငန်းကော်မတီ (၁၂) ခု ထပ်မံဖွဲ့စည်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။[22]

၂၄။ ကယ်ဆယ်ရေးလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသခံလူမှုရေး အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းများနှင့် အခြားထောက်ပံ့ပေးခြင်း၊[23]

(ခ) ရေပြန်လည်ကျသွားပြီးနောက် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့၍ ယာယီမိုခိုရာ နေရာများတွင် နေထိုင်သူများကိုလည်း အကူအညီများ ပံ့ပိုးပေးခြင်း၊

(ဂ) ရေကြီးရေလျှံမှုကြောင့် လမ်းများ၊ တံတားများ၊ ရေတွင်း၊ ရေကန်များနှင့် အများနှင့်ဆိုင်သောအဆောက်အအုံများစသည့် အခြေခံအဆောက်အအုံများ၏ ထိခိုက်ပျက်စီးမှု အတိုင်းအတာကို အစိုးရမှ စစ်ဆေးဆောင်ရွက်ခြင်း။[24]

---

[22] သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေကို အသစ်ပြန်လည်ရေးဆွဲနေကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား၊ နေရှိုင်း၊ အောင်မင်းသိန်း၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ https://news-eleven.com/article/125628 မှကောက်နုတ်ထားပါသည်။

[23] ရေကြီးရေလျှံမှုများကြောင့် လူဦးရေ ၁၂၂၀၀၀ ကျော် ရေဘေးသင့်၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၅ မှ ကောက်နုတ်ထားပါသည်။

## အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ချက်များ

၂၅။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP သည် ကနဦးရေဘေးပြန်လည်ထူထောင်ရေး စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ကနဦးပြန်လည်ထူထောင်ရေး၌ ရေဘေးသင့်ပြည်သူများကို အတိုင်းအတာတစ်ခုအထိ လျင်မြန်စွာနလန်ထူလာစေရန်၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ရန်၊ တုံ့ပြန်ခြင်း၊ ပိုမိုတုံ့ပြန်တွန်းလှန်နိုင်သော ပြန်လည်ထူထောင်ရေးတို့ အတွက် ဆောင်ရွက်ခြင်းနှင့် အစိုးရဌာနဆိုင်ရာများကို ဘေးအန္တရာယ်စီမံခန့်ခွဲမှု စွမ်းဆောင်ရည် မြင့်တင်ပေးရေးတို့အတွက် အထောက်အကူပြုပေးလျက်ရှိပါသည်။

၂၆။ UNDP သည် ၂၀၁၈ ခုနှစ်တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအား ကနဦးရေဘေးပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းနှင့် ရေဘေးသင့်ကာလ အတွင်း အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ပါသည်။ ထို့အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဒေသခံအာဏာပိုင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် NGOs ပူးပေါင်းပြီး ရေကြီးမှုဖြစ်ပွားသည့်ဒေသများတွင် ငွေကြေးထောက်ပံ့မှုများ၊ ဆန်နှင့် အသုံး အဆောင်ပစ္စည်း ထောက်ပံ့မှုများဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။[25]

၂၇။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် နိုင်ငံတစ်ဝန်းရှိအခြေအနေ များကို စောင့်ကြည့်လျက်ရှိပြီး လိုအပ်ပါကအကူအညီများပေးနိုင်ရန် ဒေသတွင်း အာဏာပိုင် များနှင့် အနီးကပ် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။[26]

## လွှတ်တော်တွင်းဆွေးနွေးချက်များ

၂၈။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေးက "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေ ဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံ

---

[24] မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂဌာနညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် ခေတ္တတာဝန်ယူ ဆောင်ရွက်လျက်ရှိသော မစ္စဂျဲနက်ဂျက်ဆင်၏ ထုတ်ပြန်ချက် မှကောက်နုတ်ထားပါသည်။{ကြည့်ရှု့ရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်}

[25] ရေကြီးရေလျှံမှုကြောင့် လူပေါင်းသောင်းနဲ့ချီ အိုးအိမ်များစွန့်ခွာရ အပါအဝင် မနက်ခင်းသတင်းများ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ https://www.bbc.com/burmese/burma-49315967 မှကောက်နုတ်ထားပါသည်။

[26] မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂဌာန ညှိနှိုင်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် ခေတ္တတာဝန်ယူ ဆောင်ရွက်လျက်ရှိသော မစ္စဂျဲနက်ဂျက်ဆင်၏ ထုတ်ပြန်ချက်မှကောက်နုတ်ထားပါသည်။

တစ်ဝန်း သောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”အဆိုကို အမျိုးသားလွှတ်တော်တွင် (၈-၈-၂၀၁၆ ) ရက်က တင်သွင်းခဲ့ပါသည်။

၂၉။ ယင်းအဆိုနှင့်စပ်လျဉ်း၍ အစိုးရအနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာကာကွယ်တားဆီးပေးရန်၊ ရေကြီးရေလျှံဒေသများရှိပြည်သူများအား အသိပညာပေးရန်၊ ကြိုတင်စီမံထားရှိသော အစီအမံများနှင့် သတင်းအချက်အလက်များပေးရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်၊ သစ်တောခုတ်ထွင်မှုများကို ကြပ်မတ်ထိန်းသိမ်းရန်၊ သတ္တုသယံဇာတထုတ်လုပ်ခြင်း၊ ရွှေ၊ ကျောက်လုပ်ငန်းများကို ပြန်လည်စိစစ်သုံးသပ်၍ ထိန်းချုပ်ပေးရန်၊ မြစ်ချောင်းများ မြေစာပုံပိုစွန့်ပစ်နေခြင်းကို စည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်စသည့် ရေစီးဆင်းမှုကောင်းမွန်စေရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်သင့်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြပါသည်။[27]

၃၀။ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးက “၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်း၊ မြေပြိုခြင်းတို့ဖြစ်ပွားခဲ့ရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသက်အိုးအိမ်၊စည်းစိမ်များ ပျက်စီးဆုံးရှုံးရခြင်းအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးက စာနာထောက်ထားဝမ်းနည်းပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ်ကို သဘာဝဘေးဒဏ်သင့် ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွက် ကူညီထောက်ပံ့လှူဒါန်းပေးနိုင်ရန်” အဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်က သဘောတူသည့်အတွက် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းရှိ သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအတွက် ငွေကျပ် ၂၂၅ သိန်းကို လှူဒါန်းခဲ့ပါသည်။[28]

---

[27] ရေကြီးရေလျှံဖြစ်ရသည့် အကြောင်းအရာများစွာတွင် လူသားတို့၏ လုပ်ရပ်ကြောင့် သစ်တောများပြုန်းတီးခြင်းသည် အဓိကပါဝင်၊ https://www.moi.gov.mm/npe/?q=news/9/08/2016/id-46554 မှကောက်နုတ်ထားပါသည်။{ကြည့်ရှုရရှိသည့်ရက်၊ ၂၀၁၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်}

[28] မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းရှိ သဘာဝဘေးဒဏ်သင့် တိုင်းရင်းသား ဒေသခံညီအစ်ကို မောင်နှမများအတွက် လွှတ်တော်ကိုယ်စားလှယ်များက ငွေကျပ် ၂၂၅ သိန်း လှူဒါန်းမည်၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၇ မှ ကောက်နုတ်ထားပါသည်။

## ပညာရှင်များ၏ အမြင်များ

၃၁။ မြစ်ရေကြီးမှုနှင့် ကမ်းပါးပြိုကျမှုများကိုကာကွယ်ရန် သစ်တောသစ်ပင်များ ပြုစုပျိုးထောင်ရန် လိုအပ်ပြီး ရေစီးရေလာကောင်းမွန်စေရန် မြစ်ချောင်းများကို ဖြောင့်တန်းအောင် ပြုလုပ်ရမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦး ကပြောကြားထားပါသည်။

၃၂။ ထို့အတူ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်းကလည်း ရေစီးရေလာကောင်းမွန်စေပြီး ရေကြီးသည့်ဒဏ်ကို ကာကွယ်ရန် ပြည်နယ်၊ တိုင်းများအားလုံးတွင်ရှိသော ချောင်းများ၊ မြောင်းများကို ပြန်လည်တူးဖော်ရန် လိုအပ်ကြောင်း အကြံပြုထားပါသည်။

၃၃။ သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက မိသားစုဘဝများလုံခြုံမှုရှိစေရန်နှင့် ပြည်သူများ လုပ်ငန်းခွင်သို့ မြန်မြန်ဆန်ဆန်ပြန်ဝင်နိုင်ရန် ဘေးအန္တရာယ်များမကျရောက်မီ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်နှင့် ဘေးအန္တရာယ်ကျရောက်ပြီးပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ကြောင်း ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး အယ်လင်ဂိုးစတိန်က ပြောကြားထားပါသည်။[29]

၃၄။ ဘေးအန္တရာယ်တစ်ခုကြုံတွေ့လာပါက သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ မိတ်ဖက်အဖွဲ့များဖြစ်သည့် UN အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO/NGOs) နှင့် ချိတ်ဆက်၍ လိုအပ်သည့်နေရာများတွင် ထိထိရောက်ရောက် အကူအညီပေး ဆောင်ရွက်ရန် လိုအပ်ကြောင်း မွန်ပြည်နယ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က ပြောကြားထားပါသည်။[30]

---

[29] သဘာဝဘေးအန္တရာယ်များကို ကြိုတင်သတိပြုကြဖို့ လိုအပ်နေပါပြီ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၉ မှကောက်နုတ်ထားပါသည်။

[30]https://wwww.mm.undp.org/content/myanmar/my/home/presscenter/pressreleases/2018/undp-launches-early-recovery-support-to-flood-affected-communities.html မှကောက်နုတ်ထားပါသည်။{ကြည့်ရှုရရှိသည့်ရက်၊ ၂၀၁၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်}

## အိန္ဒိယနိုင်ငံ၏ ရေကြီးရေလျှံမှုအခြေအနေ

၃၅။ အိန္ဒိယနိုင်ငံတွင် ဇွန်လမှ စက်တင်ဘာလထိ မိုးရာသီဖြစ်သောကြောင့် ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိပါသည်။[31] ၂၀၁၉ ခုနှစ်၊ မေလတွင် ဖန်နီဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ခဲ့ပါသည်။ ကြိုတင်ပြင်ဆင်မှုမကောင်းပါက လူပေါင်းများစွာ သေဆုံးနိုင်ခြေရှိသော်လည်း အိန္ဒိယအစိုးရက ဒေသခံများအား မုန်တိုင်းလမ်းကြောင်းမှ အချိန်မီ ရွှေ့ပြောင်းပေးခိုင်းသကဲ့သို့ ပြည်သူလူထုကလည်း အစိုးရ၏ ညွှန်ကြားချက်ကို လိုက်နာခဲ့ကြပါသည်။ ထို့ကြောင့် အားပြင်းသော ဖန်နီဆိုင်ကလုန်းမုန်တိုင်းဖြစ်သော်လည်း ပြည်သူ ၆၄ ဦးသာ သေဆုံးခဲ့ပါသည်။[32]

၃၆။ ၂၀၁၉ ခုနှစ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် နေရာအမြောက်အများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး လူအရေအတွက် ရာနှင့်ချီသေဆုံး၍ လူဦးရေ ၈.၁ သန်း ကျော်သည် ရေကြီးရေလျှံမှု၏အန္တရာယ်ကို ခံစားခဲ့ရပါသည်။ အဆိုပါ ရေကြီးရေလျှံမှုအတွက် အိန္ဒိယစစ်တပ်နှင့် အမျိုးသားဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (National Disaster Response Force –NDRF) တို့ ပူးပေါင်း၍ ရေဘေးသင့်ဒေသများရှိ အရေးပေါ်ကယ်ဆယ်ရေးစခန်းများတွင် အစားအစာနှင့် ဆေးဝါးပစ္စည်း ထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ရေကြီးရေလျှံဒေသများတွင် ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြည်းတပ်၊ ရေတပ်နှင့်လေတပ်များမှ အရေးပေါ်ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးလျက်ရှိပါသည်။[33] အိန္ဒိယနိုင်ငံ၏ သဘာဝဘေးကြိုတင်ကာကွယ်ရေးအစီအမံကို နိုင်ငံတကာနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ကုလသမဂ္ဂရုံး (United Nations Office for Disaster Risk Reduction– UNDRR) က ချီးကျူးခဲ့ပါသည်။[34]

[31] အိန္ဒိယနိုင်ငံတွင် ရေဘေးကြောင့် အသက်ဆုံးရှုံးရသူ ၁၅၀ ကျော်ရှိ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ http://xinhuamyanmar.com/world/asia/23670-2019-07-21-05-17-51 မှကောက်နုတ်ထားပါသည်။{ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်}

[32] ပြင်ဆင်ထားရမည့်ဘေး၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ https://tinyurl.com/y9lwwzfy မှကောက်နုတ်ထားပါသည်။

[33] အိန္ဒိယတွင် ရေကြီးမှု၊ မြေပြိုမှုကြောင့် လူ ၂၇၀ ကျော်သေဆုံး၊ ၂၀၁၉ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်၊ https://www.thefarmermedia.com/news/13657 မှကောက်နုတ်ထားပါသည်။{ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်}

[34] ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"နှင့် ပတ်သက်၍ အိန္ဒိယအစိုးရ၏ ကိုင်တွယ်ဆောင်ရွက်မှုကို နိုင်ငံတကာက ချီးကျူး၊ https://www.moi.gov.mm/npe/?q=news/7/05/2019/id-86266 မှကောက်နုတ်ထားပါသည်။{ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်}

၃၇။ ရေကြီးရေလျှံမှုကို ခန့်မှန်းရန်နှင့် သတိပေးချက်များ ထုတ်ပြန်ကြေညာနိုင်ရန် ဗဟိုအဆင့် ရေကော်မရှင် (CENTRAL WATER COMMISION) ကို တာဝန်ပေးအပ်ထားပါသည်။[35] ယင်းကော်မရှင်က ဒေသအမျိုးမျိုးရှိ မြစ်ရေရောက်မှုအဆင့်များ၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းအချိန်များကို ထုတ်ပြန်ကြေညာပေးပါသည်။ ရေကြီးရေလျှံမှုကို ထိန်းချုပ်နိုင်ရန်အတွက် ရေစုပ်ယူသိုလှောင်နိုင်သည့် သစ်ပင်များစိုက်ပျိုးခြင်း၊ တောင်စောင်းများ၌ ရေစီးဆင်းမှု နှေးကွေးစေရန် လှေကားထစ်စိုက်ပျိုးနည်းများပြုလုပ်ခြင်းနှင့် ရေစီးလမ်းကြောင်း ကောင်းမွန်စေရန် စီမံခြင်းတို့ကို နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။[36]

**အိန္ဒိယနိုင်ငံအတွေ့အကြုံမှ ရယူအပ်သည့် သင်ခန်းစာများ**

၃၈။ အိန္ဒိယနိုင်ငံရေကြီးရေလျှံအတွေ့အကြုံမှ ရယူအပ်သည့် သင်ခန်းစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေး ကြိုတင်ပြင်ဆင်မှုကောင်းခြင်းနှင့် အစိုးရ၏ လမ်းညွှန်ချက်များကို လူထုက လိုက်နာခြင်း၊

(ခ) အိန္ဒိယနိုင်ငံ၏ သဘာဝဘေးတုံ့ပြန်မှုတွင် အိန္ဒိယတပ်မတော်၏ အရေးပါမှု၊

(ဂ) ရေကြီးရေလျှံဖြစ်နိုင်ဖွယ် အခြေအနေကို ထုတ်ပြန်ကြေညာနိုင်ရန် ဗဟိုအဆင့် ရေကော်မရှင်ကို သီးသန့်ထားရှိခြင်း၊

(ဃ) ရေကြီးရေလျှံမှုကို ထိန်းချုပ်နိုင်ရန် သစ်ပင်များစိုက်ပျိုးခြင်းနှင့် လှေကားထစ်စိုက်ပျိုးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း။

**နိဂုံး**

၃၉။ သဘာဝဘေးအန္တရာယ်ကို တားဆီးရန်မဖြစ်နိုင်သော်လည်း ကြိုတင်ကာကွယ်မှုနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျစီစဉ်ဆောင်ရွက်ပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေနိုင်မည်ဖြစ်ပါသည်။ မိုးရာသီကာလတွင် ရေကြီးရေလျှံဖြစ်ပေါ်လာပါက ရေဘေး ကြိုတင်ကာကွယ်ရန် အစိုးရ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့် ပြည်သူလူထု ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုသည် အဓိကအရေးကြီးသည့် အချက်ဖြစ်ပါသည်။ ထို့ကြောင့် သဘာဝ

---

[35] https://nidm.gov.in/easindia2014/err/pdf/session/1/5.pdf {ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက်}မှကောက်နုတ်ထားပါသည်။

[36] **https://tinyurl.com/yac8k58y** {ကြည့်ရှုရရှိသည့်ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်}**မှကောက်နုတ်ထားပါသည်။**

ဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရာသီဥတုဖောက်ပြန်မှု၊ ရာဖွေကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ထားခြင်းဖြင့် ရေကြီးရေလျှံဖြစ်ပွားမှုများနှင့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်မည် ဖြစ်ကြောင်းနှင့် ဘေးအန္တရာယ်ကျရောက်ပြီးမှ တုံ့ပြန်ခြင်းထက် မကျရောက်မီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားခြင်းသည် ပိုမိုထိရောက်သည့် နည်းလမ်းဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါ သည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းကိုအား ဒေါ်စုစုမွန် (အကြီးတန်းစာရေး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့် တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေး ပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသန ဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅